# ခါးနာရောဂါ

အောင်ကြည်ညွန့်(မကွေးတိုင်းရင်းဆေးရုံ)

မကွေးတိုင်းရင်းဆေးရုံတွင် လာရောက်ကုသမှု ခံယူကြသည့်ရောဂါများအနက် ခါးနာရောဂါ၊ ဒူးနာရောဂါ၊ သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ လက်ကပ်ရောဂါ၊ မေးရွဲ့ပါးရွဲ့ရောဂါ၊ ထုံကျဉ်နာ၊ ဆီးချိုရောဂါ၊ အာရုံကြောညှပ်ရောဂါ တို့ကို အများဆုံးကုသပေးခဲ့သည်။ ၎င်းရာဂါများအနက် ခါးနာရောဂါအကြောင်းနှင့် ကုသမှုအဆင့်ဆင့်ကို တာဝန်ထမ်းဆောင်စဉ် ကာလတစ်လျောက်လုံး သုတေသန ပြုထားခြင်းဖြစ်ပါသည်။ ယခုစာတမ်းတွင် အဖြစ်များသော ရောရောဂါများတွင် အပါအဝင်ဖြစ်သည့် ခါးနာရောဂါနှင့်ပတ်သက်၍ ခါးနာရောဂါနှင့် ဆေးပညာအမြင်၊ ခါးနာ ရောဂါ ဖြစ်စေတတ်သောအကြောင်းရင်းများနှင့် အမျိုးအစားများ၊ ခါးနာရောဂါလက္ခဏာများ၊ ခါးနာ ရောဂါတွင် မကုသသင့်သည့် အခြေအနေများ၊ ခါးနာရောဂါဆိုင်ရာကုထုံးများ၊ ခါးနာရောဂါ မဖြစ် စေရန် ကြိုတင်ကာပွယ်နည်းများ၊ ဆောင်ရန်-ရှောင်ရန်အချက်များကို ကဏ္ဍခွဲခြားကာ သုတေသန စာတမ်းအဖြစ် ပြုစုတင်ပြလိုက်ခြင်းဖြစ်ပါသည်။